FNILife
Assuring Peace of Mind, the Essence of Life
FIRST NATIONAL INSURANCE (LIFE) CO., LTD
Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071
Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

# နှစ်တိုပရီမီယံတစ်ကြိမ်ပေးချေးငွေအသက်အာမခံပေါ်လစီ

## အခွင့်အရေးနှင့်စည်းကမ်းချက်များ

၁။ **'နှစ်တိုပရီမီယံတစ်ကြိမ်ပေးချေးငွေအသက်အာမခံအကျိုးခံစားခွင့်များ'**

နှစ်တို ပရီမီယံတစ်ကြိမ်ပေးချေးငွေ အသက်အာမခံ၏ အကျိုးခံစားခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) သေဆုံးမှုအကျိုးခံစားခွင့် (Death Benefit)

(ခ ) ထာဝစဉ်လုံးဝမသန်စွမ်းအကျိုးခံစားခွင့် (Permanent Total Disability Benefit)

**(က) သေဆုံးမှုအကျိုးခံစားခွင့် (Death Benefit)**

(၁) တဖြည်းဖြည်းလျော့ချသည့် အာမခံထားငွေ (Decreasing Sum Insured) ပုံစံဖြင့် အာမခံထားပါက အာမခံသက်တမ်းအတွင်း အာမခံထားသူ သေဆုံးခဲ့လျှင် အာမခံ ကုမ္ပဏီအနေဖြင့် " လျော့ချထားသော အာမခံထားငွေဇယား" တွင် ဖော်ပြထားသော အာမခံထားသူ သေဆုံးချိန်နှင့် သက်ဆိုင်သည့် အာမခံထားငွေကို အကျိုးခံစားခွင့် လွှဲပြောင်းခံရသည့် ဘဏ် (သို့) ငွေရေးကြေးရေးအဖွဲ့အစည်း (သို့) အသေးစား ချေးငွေလုပ်ငန်းသို့သာ တလုံးတည်းထုတ်ပေးပါမည်။

(၂) ပုံသေအာမခံထားငွေ (Fixed Sum Insured ) ပုံစံဖြင့် အာမခံထားပါက အာမခံသက်တမ်းအတွင်း အာမခံထားသူသေဆုံးခဲ့လျှင် အာမခံကုမ္ပဏီ အနေဖြင့် အာမခံထားသူ သေဆုံးချိန်နှင့် သက်ဆိုင်သည့် ပုံသေအာမခံထားငွေကို အကျိုးခံစားခွင့် လွှဲပြောင်းခံရသည့် ဘဏ် (သို့) ငွေရေးကြေးရေး အဖွဲ့အစည်း (သို့) အသေးစားချေးငွေလုပ်ငန်းသို့သာ တလုံးတည်း ထုတ်ပေးပါမည်။

(၃) သေဆုံးမှု အကျိုးခံစားခွင့်ကို အကျိုးခံစားခွင့် လွှဲပြောင်းခြင်းခံရသည့် ဘဏ် / ငွေရေးကြေးရေးအဖွဲ့ အစည်း / အသေးစားချေးငွေလုပ်ငန်းကသာ လျှောက်ထားရမည်ဖြစ်ပြီး အာမခံအကျိုးခံစားခွင့်ကိုလည်း ယင်းဘဏ်/ ငွေရေးကြေးရေးအဖွဲ့အစည်း/ အသေးစားချေးငွေလုပ်ငန်းသို့သာ ထုတ်ပေးပါမည်။

(၄) အကယ်၍ ပေးဆပ်ရမည့် အရစ်ကျချေးငွေကို မပေးဆပ်ပဲ ကျန်ရှိခဲ့လျှင် အဆိုပါ ပေးဆပ်ရန်ကျန်သော ငွေများအတွက် အာမခံကုမ္ပဏီမှ တာဝန်ယူမည် မဟုတ်ပါ။

(၅) သေဆုံးမှု အကျိုးခံစားခွင့် ထုတ်ယူရန်အတွက် အောက်ဖော်ပြပါ စာရွက်စာတမ်းများအား တင်ပြရန် လိုပါသည်။

(က) ပေါ်လစီမူရင်း

(ခ) သေစာရင်းမိတ္တူမှန်/ သေဆုံးကြောင်းခိုင်လုံသောအထောက်အထား

(ဂ) သေဆုံးကြောင်း ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်

(ဃ) အကျိုးခံစားခွင့်လွှဲပြောင်းခံရသည့် ဘဏ်/ငွေရေးကြေးရေးအဖွဲ့အစည်း/ အသေးစားငွေချေးလုပ်ငန်း၏ အကျိုးခံစားခွင့်တောင်းခံလွှာ

Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071
Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

(၆) အကယ်၍ အာမခံထားသူသေဆုံးပြီး အလောင်းရှာမတွေ့ပါက(၂)နှစ် စောင့်ဆိုင်း ရမည်ဖြစ်ပြီး မျက်မြင်အားဖြင့် သွားလာလှုပ်ရှားမှု မရှိကြောင်းကို ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ရရှိလျှင် အကျိုးခံစားခွင့် လွှဲပြောင်းခံရသည့် ဘဏ်/ ငွေရေးကြေးရေးအဖွဲ့အစည်းသို့ တစ်လုံးတည်း ထုတ်ပေးမည်။

## (ခ) ထာဝစဉ်လုံးဝမသန်စွမ်းအကျိုးခံစားခွင့်(Permanent Total Disability Benefit)

(၁) တဖြည်းဖြည်းလျှော့ချသည့်အာမခံထားငွေ (Decreasing Sum Insured)ပုံစံဖြင့် အာမခံထားပါက အာမခံသက်တမ်း အတွင်း အာမခံထားသူသည် ထိခိုက်မှုကြောင့်သော်လည်းကောင်း၊ ရောဂါကြောင့်သော်လည်းကောင်း ထာဝစဉ်လုံးဝ မသန်စွမ်းဖြစ်၍ ဝင်ငွေရရှိသော အလုပ်အကိုင်ကို လုံးဝမလုပ်ကိုင်နိုင်လျှင် “လျှော့ချထားသောအာမခံထားငွေဇယား” တွင် ဖော်ပြထားသော အာမခံထားသူ ထာဝစဉ် လုံးဝမသန်စွမ်းဖြစ်ချိန်နှင့် သက်ဆိုင်သည့် အာမခံထားငွေကို အကျိုးခံစားခွင့်လွှဲပြောင်းခံရသည့် ဘဏ် (သို့) ငွေရေးကြေးရေး အဖွဲ့အစည်း (သို့) အသေးစားချေးငွေလုပ်ငန်း သို့သာ တစ်လုံးတည်း ထုတ်ပေးပါမည်။

(၂) ပုံသေအာမခံထားငွေ (Fixed Sum Insured) ပုံစံဖြင့် အာမခံထားပါက အာမခံသက်တမ်းအတွင်း အာမခံထားသူသည် ထိခိုက်မှုကြောင့်သော်လည်းကောင်း၊ ရောဂါကြောင့်သော်လည်းကောင်း ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်၍ ဝင်ငွေရရှိ သော အလုပ်အကိုင်ကို လုံးဝမလုပ်ကိုင်နိုင်လျှင် အာမခံကုမ္ပဏီအနေဖြင့် အာမခံထားသူ ထာဝစဉ်လုံးဝ မသန်စွမ်းဖြစ် ချိန် နှင့် သက်ဆိုင်သည့် ပုံသေအာမခံထားငွေကို အကျိုးခံစားခွင့်လွှဲပြောင်းခံရသည့် ဘဏ် (သို့) ငွေရေးကြေးရေး အဖွဲ့အစည်း (သို့) အသေးစားချေးငွေလုပ်ငန်းသို့သာ တလုံးတည်း ထုတ်ပေးပါမည်။

(၃) ထာဝစဉ်လုံးဝမသန်စွမ်း အကျိုးခံစားခွင့်ကို အကျိုးခံစားခွင့်လွှဲပြောင်းခံရသည့် ဘဏ်/ ငွေရေးကြေးရေးအဖွဲ့အစည်း/ အသေးစားချေးငွေလုပ်ငန်းကသာ လျှောက်ထားရမည်ဖြစ်ပြီး အာမခံအကျိုးခံစားခွင့်ကိုလည်း ယင်းဘဏ်/ ငွေရေး ကြေးရေး အဖွဲ့အစည်း/ အသေးစားချေးငွေလုပ်ငန်းသို့သာ ထုတ်ပေးပါမည်။

(၄) အကယ်၍ ပေးဆပ်ရမည့် အရစ်ကျချေးငွေကို မပေးဆပ်ပဲ ကျန်ရှိခဲ့လျှင် အဆိုပါ ပေးဆပ်ရန်ကျန်သောငွေများအတွက် အာမခံကုမ္ပဏီမှ တာဝန်ယူမည် မဟုတ်ပါ။

(၅) ထာဝစဉ်လုံးဝ မသန်စွမ်းဖြစ်ခြင်း အကျိုးခံစားခွင့်အတွက် အောက်ဖော်ပြပါ အထောက်အထားများကို တင်ပြရန်လိုအပ် ပါသည်။

- အာမခံပေါ်လစီမူရင်း
- အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသည့် ဆေးရုံမှ အထူးကုဆရာဝန်၏ ထောက်ခံချက်
- ဆေးမှတ်တမ်း
- ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်
- အကျိုးခံစားခွင့်လွှဲပြောင်းခံရသည့် ဘဏ်/ ငွေရေးကြေးရေးအဖွဲ့အစည်း/ အသေးစားငွေချေးလုပ်ငန်း၏ အကျိုးခံစားခွင့်တောင်းခံလွှာ

FIRST NATIONAL INSURANCE (LIFE) CO., LTD
Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071
Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

(၆) ထာဝစဉ်လုံးဝ မသန်စွမ်းဖြစ်ခြင်း ဆိုသည်မှာ အောက်တွင်ဖော်ပြထားသည့် နမူနာ ဖြစ်ရပ်မျိုးကို ဆိုလိုပါသည်။

(က) မျက်စိနှစ်ဖက်လုံးဝကွယ်ခြင်း

(ခ) ခြေ / လက် နှစ်ဖက်လုံး လက်ကောက်ဝတ် သို့မဟုတ် ခြေကျင်းဝတ် အထက်ပိုင်းမှ လုံးဝပြတ်ခြင်း။

(ဂ) ခြေကျင်းဝတ်အထက်ပိုင်းမှခြေထောက်နှစ်ဖက်ပြတ်ခြင်း၊ လုံးဝအသုံးပြု၍မရခြင်း။

(ဃ) မျက်စိတစ်ဖက်လုံးဝကွယ်ခြင်း နှင့် ခြေ /လက်တစ်ဖက် လက်ကောက်ဝတ် သို့မဟုတ် ခြေကျင်းဝတ် အထက်ပိုင်းမှ လုံးဝ ပြတ်ခြင်း။

(င) ဆရာဝန်မှ ထာဝစဉ်လုံးဝ မသန်စွမ်းဖြစ်သည်ဟု တရားဝင် ထောက်ခံဖော်ပြထားခြင်း။

## ၂။ အကျိုးခံစားခွင့်မရရှိနိုင်သည့်ကိစ္စများ

အာမခံထားသူသည် အောက်ဖော်ပြပါ အကြောင်းကိစ္စများကြောင့် သေဆုံးခဲ့လျှင်သော်လည်းကောင်း၊ ထာဝစဉ် မသန်စွမ်းဖြစ်ခဲ့လျှင်သော်လည်းကောင်း အာမခံအကျိုးခံစားခွင့်များအား ရခွင့်မရှိပါ။ ပေးသွင်းပြီး ပရီမီယံကိုသာ ပြန်ထုတ် ပေးမည်ဖြစ်ပါသည်။

(က) ကြိုတင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို အနာတရဖြစ်အောင်ပြုလုပ်ခြင်း။

(ခ) မိမိကိုယ်ကိုသတ်သေခြင်းကြောင့်ဖြစ်ခြင်း။

(ဂ) မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့်ဖြစ်ခြင်း။

(ဃ) ဘေးအန္တရာယ် ဖြစ်စေသော ဆေးကိုမှီဝဲခြင်းကြောင့်ဖြစ်ခြင်း။

(င) ကိုယ်တိုင်ရာဇဝတ်မှု ကျူးလွန်ခြင်းကြောင့်ဖြစ်ခြင်း။

(စ) အာမခံဝယ်ယူစဉ်က ဖော်ပြရန် ထိန်ချန်ခဲ့သောရှိရင်းစွဲ ရောဂါကြောင့်ဖြစ်ခြင်း။